တောင်ကြီးခရိုင်တရားရုံး
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၆

| | | |
|---|---|---|
| ဦးညီညီထွေး | နှင့် | ၁။ ဦးသက်နိုင်ထွန်း<br>၂။ ဒေါ်အတာ |
| (တရားလို) | | (တရားပြိုင်) |

တရားလိုအတွက် – ဒေါ်နန်းမီမီထွေး (အထက်တန်းရှေ့နေ)

တရားပြိုင်များအတွက် – ဦးခင်မောင်ယဉ် (တရားလွှတ်တော်ရှေ့နေ)

<u>စီ ရင် ချက်</u>

ရက်စွဲ၊၂၀၁၇ ခုနှစ်၊ ဇွန် လ ၂၈ ရက်

တရားလို ဦးညီညီထွေးက တရားပြိုင် ဦးသက်နိုင်ထွန်းနှင့် ဒေါ်အတာတို့အပေါ် ငွေကျပ် ၂၃၂၉၂၁၅၄ (ကျပ်သိန်းနှစ်ရာသုံးဆယ် နှစ်သိန်းကိုးသောင်း နှစ်ထောင်တစ်ရာငါး ဆယ်လေးတိတိ) ရလိုကြောင်း စွဲဆိုသည်။

အဆိုလွှာတွင်တရားလိုနှင့်(၁)တရားပြိုင်တို့ သဘောတူပြုလုပ်ချုပ်ဆိုခဲ့ကြသည့် ၃၀.၄.၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံကတိပြုစာချုပ်အရ (၁)တရားပြိုင်က တရားလိုထံသို့ ငွေကျပ် ၂၃၂၉၂၁၅၄ ပေးချေရန်ရှိသော်လည်း ပေးချေခဲ့ခြင်းမရှိကြောင်း၊ နောက်ပိုင်းတွင် (၂)တရားပြိုင်က (၁)တရားပြိုင်ကိုယ်စား တာဝန်ယူပေးချေမည်ဟု ကမ်းလှမ်းပြောဆိုပြီး ၂၉.၁၀.၂၀၁၃ ရက်နေ့တွင် ငွေကျပ် ၅ သိန်း၊ ၁၇.၅.၂၀၁၄ ရက်နေ့တွင် တန်ဖိုးငွေကျပ် ၆၀၂၀၀၀ တန်ဖိုးရှိ ကြံထွက်ကုန်ပစ္စည်းများ လာရောက်ပေးအပ်သဖြင့် တရားလိုက (၂) တရားပြိုင်ထံမှ စုစုပေါင်းငွေကျပ် ၁၁၀၂၀၀၀ ကိုလက်ခံရရှိခဲ့ကြောင်း၊ ထို့နောက်ပေးချေရန် ကျန်ရှိသည့်ငွေကျပ် ၂၃၂၉၂၁၅၄ ကိုဆက်လက်ပေးချေခြင်းမပြုသဖြင့် တရားလိုက ရှေ့နေမှ တဆင့်အကြောင်းကြားစာ ပေးပို့သော်လည်း လိုက်နာခြင်းမရှိ၍ တရားစွဲဆိုရကြောင်းအဆိုပြုသည်။

ချေလွှာတွင် အဆို လွှာအပိုဒ်(၁)တွင် ဖော်ပြထားသော ၂၉.၁၀.၂၀၁၃ ရက်နေ့တွင်ငွေကျပ် ၅ သိန်း၊ ၁၇.၅.၂၀၁၄ ရက်နေ့တွင် ကုန်ပစ္စည်းတန်ဖိုးငွေကျပ် ၆၀၂၀၀၀ ပေးသွင်းသည်ဆိုသောအချက်မှလွဲ၍ ကျန်အချက်များမမှန်ကြောင်း၊ ၂၃.၅.၂၀၀၇ မှစ၍ (၁)တရားပြိုင်နှင့်တရားလိုလုပ်ကိုင်သည့် နဝရတ်သကြားစက်တို့အကြား အကျိုးတူလုပ်ငန်းသဘောဖြင့် အာမို၊ ပုလဲ၊ ဘိလပ်မြေ၊ သစ်၊ ဒီဇယ်စသည်တို့ကို (၁)တရားပြိုင်က ကုန်ကြွေးရယူခဲ့ပြီး တင်လဲရည်နှင့် ကြံများပြန်လည်ပေးသွင်းသည့်စနစ်ဖြင့် လုပ်ငန်းစတင်ခဲ့ကြောင်း၊ ကြံဈေးနှုန်းကျဆင်းသည့်နှစ်များတွင် (၁)တရားပြိုင်က နဝရတ်သကြားစက်သို့ တင်လဲရည်များပေး

Thandd
Dec. 2017
စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်။
အခွင့်ရအရာရှိ

တာဝန်ခံမိတ္တူမှန်
(နှင်းလဲ့လဲ့ဝင်း)
မိတ္တူကူးစာရေး

(အေးမြတ်မြတ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K100



သွင်းခဲ့သော်လည်း တရားလိုကလက်မခံသဖြင့် အကြွေးများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ၅.၆.၂၀၀၈ ရက်နေ့နှင့် ၂၂.၁၂.၂၀၁၀ ရက်နေ့တို့တွင် အကြွေးပေးဆပ်ရန်စာချုပ်တစ်ကြိမ်စီ ပြုလုပ်ပြီးနောက်မှ ၃၀.၄.၂၀၁၂ ရက်စွဲပါစာချုပ်ဖြစ်ပေါ်လာရကြောင်း၊ (၂)တရားပြိုင်က (၁)တရားပြိုင်ကိုယ်စားပေးချေရမည့်အကြွေးများကို တာဝန်ယူပေးချေမည်ဟုပြောဆိုခဲ့ခြင်းမရှိကြောင်း၊ မိခင်ဖြစ်သူရောဂါသည်းထန်ချိန် ဦးညီညီထွေးက အကြိမ်ကြိမ်အိမ်သို့အကြွေး လာရောက်တောင်းခံသဖြင့် (၂)တရားပြိုင်က မိခင်ကြီးမသိစေရန် တရားလို၏သကြားစက်သို့ ငွေနှင့် ကြံထွက်ပစ္စည်းများ အေးရာအေးကြောင်းပေးသွင်းခဲ့ခြင်းဖြစ်ကြောင်း၊ (၂)တရားပြိုင်နှင့်တရားလိုတို့အကြား မည်သည့်စာချုပ်စာတမ်း သဘောတူညီချက်မျှမရှိကြောင်း၊ (၁)တရားပြိုင်သည် လှည်းတိုးရွာတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် အိမ်ခွဲနေထိုင်သူဖြစ်ကြောင်း၊ ဒေါ်အတာအားယခုအမှုတွင်ပူးတွဲတရားစွဲဆိုခြင်းမှာဥပဒေအရမှားယွင်းနေကြောင်း၊ (၁)တရားပြိုင်က တရားလိုထံမှ ကုန်ကြွေးယူထားသည့်စုစုပေါင်းတန်ဖိုးမှာ ၆၆၄၀၉၀၈/- သာဖြစ်ပြီး အတိုးငွေ ၁၆၆၅၁၂၄၆ ကျပ်ကို တရားလိုကတောင်းခံထားကြောင်း၊ ကုန်ကြွေးရယူစဉ် တရားလိုသကြားစက်ရှိ စာရင်းစာအုပ်တွင် (၁)တရားပြိုင်က လက်မှတ်ရေးထိုးပေးခဲ့ရပြီး စာရင်းစာအုပ်တွင် (၁)တရားပြိုင်မသိဘဲ တရားလို၏သဘောဆန္ဒဖြင့် အတိုးငွေများ ရေးသွင်းထားခြင်းသာဖြစ်ကြောင်း၊ (၁)တရားပြိုင်နှင့် တရားလိုအကြား အတိုးနှုန်းသတ်မှတ်ထားခြင်း သဘောတူထားခြင်း ကတိစာချုပ်စာတမ်းမရှိကြောင်း၊ (၁)တရားပြိုင်က တရားလိုထံသို့ ငွေကျပ် ၂၃၂၉၂၁၅၄ ကျပ်ပေးရန်မရှိကြောင်း နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်မဟုတ်ကြောင်း၊ တရားလိုကရှေ့နေနှင့် (၁)တရားပြိုင်အား ၄င်း၏သကြားစက်သို့ခေါ်ပြီး လုပ်ငန်းသဘောအရ စာချုပ်သည်ဟုပြောကာ လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ တရားလိုတောင်းခံသည့် ငွေကျပ် ၂၃၂၉၂၁၅၄ တွင် အတိုးငွေကျပ် ၁၆၆၅၁၂၄၆ ကိုနုတ်ပယ်ပြီး အမှန်တကယ် ပေးရန်ရှိငွေ ၆၆၄၀၉၀၈ ကျပ်ကိုသာပေးဆပ်ခွင့်ပြုပါရန်နှင့် ဒေါ်အတာအားပူးတွဲစွဲဆိုထားခြင်းကိုခွင့်မပြုပါရန်ချေပထားသည်။

အဆိုအချေများအရ အောက်ပါရှုံးငြင်းချက်များကိုထုတ်ခဲ့သည် -

၁။ တရားပြိုင်(၁)က တရားလိုထံမှ ကြံစိုက်ပျိုးရန် မတည်ရင်းနှီးငွေမှ စာရင်းရှင်းလင်းပြီးကျန်ငွေ ၂၄၃၉၄၁၅၄ ကျပ်ကို ၁.၅.၂၀၁၃ နေ့တွင် အကြေပေးဆပ်ရန် နှစ်ဦးသဘောတူခံဝန်ချုပ်ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မှန်သလား။

၂။ ယင်းငွေအနက်မှတရားပြိုင်(၂)က ၁၁၀၂၀၀၀ ကျပ်သာပေးဆပ်ခဲ့၍ တရားလိုက ၂၃၂၉၂၁၅၄ ကျပ်ရရန်ရှိသည်ဆိုခြင်းမှာ မှန်သလား။

၃။ တရားပြိုင်(၁)က တရားလိုထံမှ ကုန်ကြွေးရယူထားသည့် စုစုပေါင်းတန်ဖိုးမှာ ၆၆၄၀၉၀၈ ကျပ်သာဖြစ်ပြီး အတိုးငွေ ၁၆၆၅၁၂၄၆ ကျပ်ပေါင်းကာ နှစ်ဦးသဘောတူ ခံဝန်ကတိစာချုပ်ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မှန်သလား။

၄။ တရားပြိုင်(၂)သည် တရားလိုနှင့် ငွေပေးငွေယူမရှိသည့်အပြင် အချင်းဖြစ်ငွေကို ပေးဆပ်ရန် တာဝန်ယူပြောဆိုခဲ့ခြင်းမရှိ၍ အမှုတွင် တရားပြိုင်(၂)အား ပူးတွဲစွဲဆိုထားခြင်းသည် မှားယွင်းနေသည်ဆိုခြင်းမှာ မှန်သလား။

၅။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။

Dec.2018
စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်။
အခွင့်ရအရာရှိ

တာဝန်ခံမိတ္တူမှန်

(အေးမြတ်မြတ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ကျပ်



ငြင်းချက်(၁)

တရားလို၏နဝရတ်သကြားစက်နှင့် ကြံစိုက်တောင်သူများအကြား လုပ်ငန်းလုပ်ကိုင်ရန်အတွက် တရားလိုက တောင်သူများလိုအပ်သည့် စိုက်ပျိုးစရိတ်ငွေများကို ဦးစွာ မတည်ရင်းနှီးထုတ်ပေးရန်နှင့် တောင်သူများက ၎င်းတို့စိုက်ပျိုးရရှိလာမည့်ကြံနှင့် ကြံထွက်ပစ္စည်း တင်လဲရည်တို့ကို တရားလိုထံသို့ပြန်လည်ပေးသွင်းရန် သဘောတူညီမှုဖြင့် တရားလိုနှင့် (၁)တရားပြိုင် ဦးသက်နိုင်ထွန်း(ခ)နိုင်ထွန်းတို့ လုပ်ငန်းလုပ်ကိုင်ခဲ့ကြကြောင်း နှစ်ဖက်သက်သေ ထွက်ဆိုချက်များအရ တွေ့ရှိရသည်။ ထိုသဘောတူညီမှုအတွက် မည်သည့်စာချုပ်စာတမ်းမျှမရှိကြောင်း တွေ့ရသည်။

တရားလိုနှင့် (၁)တရားပြိုင်တို့သည် ၂၃.၅.၂၀၀၇ မှလုပ်ငန်းစတင်ခဲ့ကြပြီး တရားလိုက (၁)တရားပြိုင်သို့ စိုက်ပျိုးစရိတ်ဓါတ်မြေသြဇာ၊ စက်သုံးဆီအစရှိသည်တို့ကို ထုတ်ဝေပေးခဲ့ပြီး တရားပြိုင်က တရားလို၏သကြားစက်သို့ တင်လဲရည်များ ပုံမှန်ပေးသွင်းခြင်းမပြုသဖြင့် တရားလိုနှင့် (၁)တရားပြိုင်တို့သည် နှစ်ဦးသဘောတူဝန်ခံချက်စာချုပ်များဖြစ်သော ၅.၆.၂၀၀၈ ရက်စွဲပါ သက်သေခံ(က)စာချုပ်၊ ၂၂.၁၂.၂၀၁၀ ရက်စွဲပါ သက်သေခံ(ခ)စာချုပ်၊ ၃၀.၄.၂၀၁၂ ရက်စွဲပါ သက်သေခံ(ဂ)စာချုပ်များကို ချုပ်ဆိုခဲ့ကြကြောင်း အငြင်းမပွားပေ။ သက်သေခံ(က)(ခ)နှင့်(ဂ)စာချုပ်များကို တရားလိုနှင့် (၁)တရားပြိုင်တို့ နှစ်ဦးသဘောတူညီမှုဖြင့် သက်သေများရှေ့တွင် ရှေ့နေ ဦးစိုးသင်းကချုပ်ဆိုပေးခဲ့ကြောင်း၊ တရားလိုကထွက်ဆိုထားပြီး စာချုပ်များချုပ်ဆိုစဉ်က အနားတွင်ရှိနေသူ ဦးရဲဝင်း(လိုပြ-၁)၊ စာချုပ်ချုပ်ဆိုပေးသူ အထက်တန်းရှေ့နေ ဦးစိုးသင်း(လိုပြ-၂)၊ သက်သေခံ(ခ)နှင့်(ဂ)စာချုပ်ပါ အသိသက်သေ ဦးကျော်ကျော်ဦးတို့က စာချုပ်များကို တရားလိုနှင့် (၁)တရားပြိုင်တို့နှစ်ဦး သဘောတူ၍ ချုပ်ဆိုခဲ့ကြကြောင်း ထွက်ဆိုထားကြသည်။

(၁)တရားပြိုင်က သက်သေခံ(က)(ခ)နှင့်(ဂ)စာချုပ်များချုပ်ဆိုခဲ့သည့်အချက်ကို ငြင်းဆိုမှုမရှိချေ။ တရားပြိုင်က တရားလိုထံမှ အမှန်တကယ်ယူငွေတန်ဘိုးထက် အတိုးငွေများကို ထည့်သွင်းချုပ်ဆိုထားကြောင်း သက်သေခံ(က)စာချုပ်တွင် အတိုးငွေ ၉၃၃၉၀၀ သက်သေခံ(ခ)စာချုပ်တွင်အတိုးငွေ ၆၅၂၀၀၀၀ ကျပ်ကျော်နှင့် သက်သေခံ(ဂ)စာချုပ်တွင် အတိုးငွေ ၁၀၇၃၂၉၇၅ ကျပ်တို့ကို ထည့်သွင်းတောင်းခံထားကြောင်းနှင့် (၁)တရားပြိုင်ဘက်မှ သက်သေခေါ်ယူခဲ့ရခြင်းမရှိကြောင်း၊ အဆိုပါစာချုပ်များတွင် လက်မှတ်ရေးထိုးခိုင်း၍သာ (၁)တရားပြိုင်က ရေးထိုးပေးခဲ့ရပြီး အတိုးငွေများပါသည်ကိုမသိကြောင်း ထွက်ဆိုထားပြီး တရားပြိုင်ပြသက်သေများက တရားလို၏သကြားစက်မှ ကြိုတင်ငွေထုတ်ယူပြီး ပစ္စည်းပြန်သွင်းရာတွင် အတိုးများပေးသွင်းရကြောင်း၊ နှုတ်သက်သေခံချက်များတင်ပြသော်လည်း ထိုသို့ တောင်သူများက အတိုးနှင့်ပေးသွင်းရကြောင်း သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိသဖြင့် တရားပြိုင်၏တင်ပြချက်ကို လက်ခံနိုင်ရန်ခဲယဉ်းသည်။

(၁)တရားပြိုင်က တရားလိုထံမှ ကုန်ကြွေးရယူထားသည့် စုစုပေါင်းတန်ဖိုးမှာ ၆၆၄၀၉၀၈ ကျပ်သာဖြစ်ပြီး တရားလိုကအတိုးငွေ ၁၆၆၅၁၂၄၆ ကျပ်ကို တောင်းခံထားခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုပြီး (၁)တရားပြိုင် ကြိုတင်ငွေများယူ၍ လက်မှတ်ရေးထိုးခဲ့ရသည်ဟုဆိုသော နဝရတ်သကြားစက်၏ လယ်ဂျာမှတ်တမ်းစာအုပ်မှ ကိုနိုင်ထွန်းအမည်ဖြင့် ရေးမှတ်ထားသည့် စာရင်းစာရွက် မိတ္တူများအား သက်သေခံ(၁) မှ သက်သေခံ(၅-က)အထိ

စိစစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်။

အခွင့်ရအရာရှိ

တာဝန်ခံမိတ္တူမှန်

(အေးမြတ်မြတ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

တင်ပြထားသော်လည်း ယင်းစာရင်းစာရွက်များတွင် ဖော်ပြထားချက်များမှာ မှန်ကန်သည်ဟု ယူဆရန် သက်သေခံအထောက်အထားခိုင်လုံမှုမရှိကြောင်း တွေ့ရှိရသည်။

တရားလိုနှင့်(၁)တရားပြိုင်တို့အကြားပြုလုပ်ခဲ့သောစာချုပ်များမှာ(၁)တရားပြိုင်၏ သဘောတူညီချက်မပါဘဲ တရားလိုက တစ်ဖက်သတ်ဆောင်ရွက်ခဲ့ကြောင်း သက်သေခံ ချက်ပေါ်ပေါက်ခြင်းမရှိပေ။ (၁)တရားပြိုင်က သက်သေခံ(က)(ခ)(ဂ)စာချုပ်များတွင် လက်မှတ်ရေးထိုးခဲ့သည်မှာ အငြင်းမပွားတွေ့ရှိရသည်။

သက်သေခံဥပဒေပုဒ်မ ၂၁ တွင်ဝန်ခံချက်များကို ဝန်ခံသူအပေါ် သက်သေထင်ရှားပြသနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဝန်ခံချက်မမှန်ကြောင်း တရားပြိုင်များက တရားရုံးကျေနပ်အောင် သက်သေထင်ရှားမပြနိုင်လျှင် ဝန်ခံချက်သည် ခိုင်လုံသည်ဟု မှတ်ယူရန်ဖြစ်သည်။ <u>ဒေါ်ချိုနှင့် ဦးဂနီပါ၊အများ</u> (၁) အမှုတွင်ကြည့်ပါ။

သက်သေခံ(က)(ခ) စာချုပ်များအရ (၁)တရားပြိုင်က တရားလိုသို့ပေးသွင်းရန် စုစုပေါင်းငွေကျပ် ၂၄၃၉၄၂၅၄/-အပေါ် သက်သေခံ(ဂ)စာချုပ်တွင် ယင်းငွေကို ၁.၅.၂၀၁၃ ရက်နေ့တွင် အကြေပေးဆပ်ရန် (၁)တရားပြိုင်က သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟုသာ တွေ့ရသည်။

ထို့ကြောင့် ငြင်းချက်(၁)နှင့်ပတ်သက်၍ တရားပြိုင်(၁)က တရားလိုထံမှ ကြိုစိုက်ပျိုးရန် မတည်ရင်းနှီးငွေမှ စာရင်းရှင်းပြီး ကျန်ငွေ ၂၄၃၉၄၁၅၄ ကျပ်ကို ၁.၅.၂၀၁၃ ရက်နေ့တွင် အကြေပေးဆပ်ရန် နှစ်ဦးသဘောတူခံဝန်ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ မှန်သည်ဟု ဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

တရားလိုက (၁)(၂)တရားပြိုင်တို့သည် ၂၈.၁၀.၂၀၁၃ နေ့တွင် ၎င်း၏သကြားစက်သို့လာရောက်ပြီး ပေးဆပ်ရန်ရှိသောငွေများအနက် ၅ သိန်းကျပ်ပေးသွင်းရာ တရားလိုက လုပ်ငန်းသုံး စာအုပ်တွင် ရေးသွင်း၍ (၂)တရားပြိုင်က လက်မှတ်ရေးထိုးပေးခဲ့ကြောင်း ၁၇.၅.၂၀၁၄ တွင် တရားပြိုင်၏ခြံသို့ တရားလိုသွားရောက်၍ ခြံထွက်ပစ္စည်းစုစုပေါင်းတန်ဖိုး ၆၀၂၀၀၀/-ကိုရယူခဲ့သဖြင့် ငွေနှင့်ပစ္စည်းနှစ်ရပ်တန်ဘိုး ၁၁၀၂၀၀၀/-ရရှိကြောင်း စာရင်းရေးသွင်းခဲ့ကြောင်း၊ သက်သေခံ(ဃ) စာရင်းစာအုပ်တင်ပြထွက်ဆိုပြီး (၁)တရားပြိုင်အား တရားလို၏ရှေ့နေမှပြန်လှန်မေးရာတွင် " × × × × × × အစ်မဖြစ်သူ ဒေါ်အတာမှ ကျနော်ပေးရန်ရှိသောငွေကျပ် ၂၄၃၉၄၁၅၄ ထဲမှ ငွေသား ၅ သိန်းကို ကျနော်နှင့်အတူ သွားရောက်ပေးသွင်းခဲ့သည်ဆိုလျှင် မှန်ပါသည်။ ထိုသို့ပေးသွင်းရာ၌ ကျနော်၏အစ်မဖြစ်သူ ဒေါ်အတာကိုယ်တိုင် လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ ထိုမှအစ်မဒေါ်အတာသည် ၁၇.၅.၂၀၁၄ နေ့တွင်လည်း နဝရတ်သကြားစက်သို့ကြံထွက်ကုန်ပစ္စည်းများဖြစ်သောတန်ဖိုးငွေ ၆၀၂၀၀၀/-ကို နဝရတ်သကြားစက်သို့ ပေးသွင်းခဲ့သည်ဆိုလျှင် ဒေါ်အတာသွင်းခြင်းမဟုတ်ပါ။ ကျနော်သွင်းခြင်းဖြစ်ပါသည် × × × × × တရားလို၏အဆိုလွှာတွင် ၂၃၂၈၂၁၅၄ ကျပ်ဖြစ်ပြီး ကျနော်နှင့်ဦးညီညီထွေးကြား နောက်ဆုံးချုပ်ဆိုထားသည့် စာချုပ်တွင် ကျနော်ပေးရန်ငွေမှ ၂၄၃၉၄၁၅၄ ကျပ် ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ အဆိုပါ သက်သေခံ(ဂ)ရှိ ဦးညီညီထွေး ရရန်ငွေကို

(၁)၁၉၅၁ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်ချုပ်)၊ စာမျက်နှာ ၁၅၈

Dec. 2017
စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်။

အခွင့်ရအရာရှိ

တာဝန်ခံမိတ္တူမှန်

(မှတ်ပုံတင်ထုတ်)
မိတ္တူကူးသားရေး

(အေးမြတ်မြတ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ဒေါ်အတာနှင့်ကျနော် နောက်ဆုံးပေးသွင်းသည့်သက်သေခံ(ဃ)စာရင်းပါငွေ ၁၁၀၂၀၀၀ ကျပ်ကိုနုတ်ကာငွေကျပ် ၂၃၂၉၂၁၅၄ ကျပ် တရားစွဲဆိုထားခြင်း ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ တရားလို ထံသို့ကျနော်ပေးဆပ်ရန် ကျန်ရှိသော ၂၃၂၉၂၁၅၄ ကျပ်ကို တရားစွဲဆိုပြီးနောက်ပိုင်း ကျနော်လုံးဝ ပေးဆပ်ခဲ့ခြင်းမရှိဆိုလျှင် မှန်ပါသည်။ " ဟုထွက်ဆိုထားသည်ကို တွေ့ရသဖြင့် သက်သေခံ(ဂ)စာချုပ်ပါ ပေးရန်ကျန်ရှိငွေ ၂၄၃၉၄၁၅၄ ကျပ်အနက်မှ တရားပြိုင်က ၁၁၀၂၀၀၀ ကျပ်တရားလိုထံပေးသွင်းခဲ့၍ တရားလိုက ၂၃၂၉၂၁၅၄ ကျပ်ရရန်ရှိသည်ဟု ပေါ်ပေါက်သည်။

ထို့ကြောင့် ငြင်းချက်(၂)နှင့်ပတ်သက်၍ ယင်းငွေအနက်မှ တရားပြိုင်(၂)က ၁၁၀၂၀၀၀ ကျပ်သာပေးဆပ်ခဲ့၍ တရားလိုက ၂၃၂၉၂၁၅၄ ကျပ်ရရန်ရှိသည်ဆိုခြင်းမှာ မှန်သည် ဟု ဖြေဆိုလိုက်သည်။

ငြင်းချက်(၃)

(၁)တရားပြိုင်က တရားလိုထံအမှန်တကယ်ပေးသွင်းရမည့်အကြွေးများရှိပြီး ထိုအကြွေးကိုပေးရန်တာဝန်ရှိသည်ဟု နားလည်ပြီး လက်မှတ်များရေးထိုးခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်းမှ နဝရတ်သကြားစက်မှ လယ်ဂျာမှတ်တမ်းမိတ္တူစာရွက်များ တရားပြိုင်ထံပေးသည့်အခါမှ အတိုးများထည့်ပြီးပေါင်းထားသည်ကို သိရကြောင်းထွက်ဆိုပြီး သက်သေခံ(၁)မှ သက်သေခံ(၅-က)အထိ လယ်ဂျာမှတ်တမ်းစာအုပ်မှ စာရင်းစာရွက်မိတ္တူများကိုတင်ပြထားသော်လည်း ယင်းစာရင်းစာရွက်မိတ္တူ သက်သေခံ(၁)မှ သက်သေခံ(၅-က)ပါ စာရင်းများ မှန်ကန်ကြောင်း အခြားထောက်ခံသည့် သက်သေခံချက်အမှုတွင် မပေါ်ပေါက်သဖြင့် အတိုးငွေ ၁၆၆၅၁၂၄၆ ကျပ်ပေါင်းကာ ဝန်ခံကတိစာချုပ်ပြုလုပ်ထားသည်ဟု မပေါ်ပေါက်ပေ။

(၁)တရားပြိုင်က ၄င်းနှင့် တရားလိုတို့အကြား စာရင်းရှင်းလင်းကာ ပေးရန်ကျန်ငွေများနှင့်ပတ်သက်၍ ရှေ့နေ ဦးစိုးသင်းရှေ့တွင် နှစ်ဦးသဘောတူ ကတိဝန်ခံချက်များပြုလုပ်ခဲ့ကြောင်း၊ စာချုပ်တွင် အတိုးဟုဖော်ပြထားခြင်းမရှိသည်မှာမှန်ကြောင်း ထွက်ဆိုထားရာ တရားပြိုင်၏ထွက်ဆိုချက်အရပင် အတိုးငွေပါရှိခြင်းမရှိကြောင်း ကောက်ယူရပေမည်။

တရားလိုပြသက်သေများနှင့် တရားပြိုင်ပြသက်သေ တောင်သူများ၏ ထွက်ဆိုချက်အရ တရားလို၏သကြားစက်၌ စိုက်ပျိုးရာသီများတွင် လိုအပ်သောစိုက်ပျိုးစရိတ် ရင်းနှီးငွေများရယူပြီး ကြံရာသီပေါ်ချိန်တွင် ကြံထွက်ပစ္စည်းများကို ပေါက်ဈေးဖြင့် ပေးသွင်းသည့်စနစ်ဖြင့် လုပ်ကိုင်ကြောင်း တစ်နှစ်လျှင်တစ်ကြိမ် စာရင်းရှင်းလင်းကြကြောင်း စာရင်းရှင်းရာတွင် ကြွေးကျန်ရှိပါက နောက်နှစ်စာရင်းသို့ ထည့်ပေါင်းကြောင်း ပေါ်ပေါက်သည်။ ထိုသို့စာရင်းရှင်းရာမှ ကြွေးကျန်ကို နောက်နှစ်စာရင်းသို့ထည့်ပေါင်းရာ၌ အတိုးဖြင့်ထည့်ပေါင်းခြင်းဖြစ်ကြောင်း တရားပြိုင်ပြသက်သေ ကိုကံချား(ပြိုင်ပြ-၅)၊ ဦးအောင်ဝင်း(ပြိုင်ပြ-၆)၊ ဦးသောင်းစိန်(ပြိုင်ပြ-၇)၊ ဦးမျိုးလွင်(ပြိုင်ပြ-၈)တို့က ထွက်ဆိုသော်လည်း ထိုသို့၄င်းတို့မှ နဝရတ် သကြားစက်သို့ အကြွေးကျန်ငွေများကို အတိုးဖြင့်ပေးခဲ့ရကြောင်း၊ နှုတ်သက်သေခံချက်မှလွဲ၍ အခြားခိုင်လုံသော အထောက်အထားတင်ပြနိုင်ခြင်းမရှိသဖြင့် တရားပြိုင်က အကြွေးကျန်ငွေများအပေါ်အတိုးဖြင့် တရားလိုကတောင်းခံကြောင်းကို သက်သေခံဥပဒေပုဒ်မ ၁၀၂ အရထင်ရှားအောင် တင်ပြနိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။

ထို့ကြောင့် ငြင်းချက်(၃)နှင့်ပတ်သက်၍ တရားပြိုင်(၁)က တရားလိုထံမှ ကုန်ကြွေးရယူထားသည့် စုစုပေါင်းတန်ဖိုးမှာ ၆၆၄၀၉၀၈၈ ကျပ်သာဖြစ်ပြီး အတိုးငွေ ၁၆၆၅၁၂၄၆

Dec. 2017

မိတ္တူမှန်

စိစစ်ပြီးမှန်ကန်ကြောင်းတာဝန်ယူသည်။

အခွင့်ရအရာရှိ

တာဝန်ခံမိတ္တူမှန်

(မြအေးမြတ်မြတ်ထွန်း)

ခရိုင်တရားသူကြီး

တောင်ကြီးခရိုင်တရားရုံး

ကျပ်ပေါင်းကာ နှစ်ဦးသဘောတူခံဝန်ကတိစာချုပ်ပြုလုပ်ခဲ့သည်ဆိုခြင်းမှာမမှန်ကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက်(၄)

တရားလို၏ထွက်ဆိုချက်အရပင် တရားလို၏ နဝရတ်သကြားစက်နှင့် (၁)တရားပြိုင် ဦးသက်နိုင်ထွန်းတို့သည် သကြားစက်မှ ကြိုတင်ငွေနှင့် ပစ္စည်းယူပြီး ကြံရာသီပေါ်ချိန်တွင် ကြံထွက်ပစ္စည်းများပေးသွင်းခြင်းစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရန်သဘောတူခဲ့ကြကြောင်းနှင့် (၁)တရားပြိုင်က ကြံထွက်ပစ္စည်းများ သကြားစက်သို့ပေးသွင်းခြင်းမပြုသဖြင့် ကြွေးကျန်များဖြစ်ပေါ်လာသဖြင့် စာရင်းရှင်းလင်းကြပြီးနောက် သက်သေခံ(က)(ခ)(ဂ)နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်များ ချုပ်ဆိုကြရာ(၁)တရားပြိုင်နှင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။

(၂)တရားပြိုင်သည် (၁)တရားပြိုင်၏အစ်မဖြစ်ပြီး ၎င်းတို့မှာစီးပွားရေး အတူလုပ်ကိုင်ကြသူများမဟုတ်သည့်အပြင် သီးခြားစီအိမ်ခွဲ၍နေထိုင်ကြကြောင်း အငြင်းမပွားပေ။ အချင်းဖြစ်ပစ္စည်းနှင့်ငွေများကိုစတင်ယူစဉ်ကလည်း (၁)တရားပြိုင်ကပင် မိမိလုပ်ငန်းအတွက်ရယူခဲ့ခြင်းဖြစ်ရာ (၂)တရားပြိုင်က သကြားစက်သို့ ငွေကျပ် ၅ သိန်းလာရောက်ပေးဆပ်ဘူးခြင်းရှိသည်ဆိုယုံမျှဖြင့် အချင်းဖြစ်ကြွေးကျန်ငွေများအပေါ် (၂)တရားပြိုင်တွင် တာဝန်ရှိသည်ဟုယူဆနိုင်ရန်အကြောင်းမရှိပေ။

(၂)တရားပြိုင်ကလည်း အချင်းဖြစ်ငွေကို ပေးဆပ်ရန် ၎င်းတာဝန်ယူပြောဆိုခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသည်။

အချင်းဖြစ်ငွေများသည် (၁)တရားပြိုင်နှင့်သာ သက်ဆိုင်ကြောင်း အမှုတွင်အငြင်းမပွားပေါ်ပေါက်ပြီးဖြစ်၍အမှုတွင် (၂)တရားပြိုင်အား ပူးတွဲစွဲဆိုရန်မလိုအပ်ပေ။

သို့ဖြစ်၍ ငြင်းချက်(၄)နှင့်ပတ်သက်၍ တရားပြိုင်(၂)သည် တရားလိုနှင့် ငွေပေးငွေယူမရှိသည့်အပြင် အချင်းဖြစ်ငွေကိုပေးဆပ်ရန် တာဝန်ယူပြောဆိုခဲ့ခြင်းမရှိ၍ အမှုတွင်တရားပြိုင်(၂)အား ပူးတွဲစွဲဆိုထားခြင်းသည် မှားယွင်းနေသည်ဆိုခြင်းမှာ မှန်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်(၅)

အထက်ပါငြင်းချက်များတွင် ဖြေဆိုဆုံးဖြတ်ချက်များအရ တရားလိုသည် (၁)တရားပြိုင်ထံမှ ကုန်ကြွေးကျန်ငွေ ၂၃၂၈၂၁၅၄ ကျပ်ကို ရထိုက်ကြောင်း ငြင်းချက်(၅)ကိုဖြေကြားလိုက်သည်။

သို့ဖြစ်၍ တရားလိုသည် (၁)တရားပြိုင်ထံမှ ကုန်ကြွေးကျန်ငွေ ၂၃၂၈၂၁၅၄ ကျပ်(ကျပ်နှစ်ရာသုံးဆယ့်နှစ်သိန်းကိုးသောင်းနှစ်ထောင်တစ်ရာငါးဆယ့်လေးတိတိ)ကိုရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချပေးလိုက်သည်။

ရှေ့နေခ ၅၀၀၀ိ/-သတ်မှတ်သည်။

၂၈၊၈၊၁၇
(အေးမြတ်မြတ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

1st-Dec-2017
စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်။
အခွင့်ရအရာရှိ

တာဝန်ခံမိတ္တူမှန်
(နှင်းလဲ့လဲ့ဝင်း)
မိတ္တူကူးစာရေး